## MPRL E&P Pte Ltd.

# ဒေသခံလူထုနှင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်




မန်းရေနံမြေမှ အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်များမှတ်တမ်း

## ၁။ နိဒါန်း



MPRL E&P သည် မြန်မာနိုင်ငံအလယ်ပိုင်း၊ မင်းဘူးမြို့ရှိ မန်းရေနံမြေတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အထွက်တိုးခြင်းအပေါ် ခွဲဝေခံစားသည့်စာချုပ် (Performance Compensation Contract) ချုပ်ဆို၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိကာ ရေနံမြေနှင့် ထိစပ်ကျေးရွာ (၁၄) ရွာတွင် နေထိုင်ကြသည့် ဒေသခံများကိုပံ့ပိုးနိုင်မည့် လူမှုတာဝန်သိလုပ်ငန်းအစီအစဉ်များကို ဗဟာဗျူဟာချမှတ်အကောင် အထည်ဖော်လျက်ရှိပါသည်။

၁၉၉၆ ခုနှစ်မှစတင်၍ ရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် ကုန်းတွင်းရေနံမြေများတွင် ရေနံထွက်ရှိမှု ဒုတိယအများဆုံး ရေနံမြေတစ်ခုဖြစ်ပြီး အကျိုးခံစားမှုမျှဝေသည့် အစီအစဉ်အရ ဒေသခံများ၏ လူမှုစီးပွားဘဝတိုးတက်ရေးနှင့် ဒေသလိုအပ်ချက်များကို ပိုမိုတိုးတက်ဖြည့်ဆည်းဆောင်ရွက်ခြင်းကို တိကျစွာကတိကဝတ် ပြုထားသည့်အတိုင်း ထိန်းသိမ်းလိုက်နာဆောင်ရွက်လျက်ရှိပါသည်။

MPRL E&P အနေဖြင့် လူမှုတာဝန်သိ CSR လုပ်ငန်းများကို ချဉ်းကပ်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဖွဲ့ဝင်များ၊ ဒေသတွင်းဌာနဆိုင်ရာများ၊ ဒေသခံများအပါအဝင် သက်ဆိုင်ရာလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ကျယ်ပြန့်စွာ ထိတွေ့ဆက်ဆံသည့် လုပ်ငန်းဆောင်ရွက်ချက်များကြောင့် ပံ့ပိုးမှုများလည်း ကျယ်ကျယ်ပြန့်ပြန့်ရရှိခဲ့သည်။ ဒေသခံများနှင့် ထိတွေ့ဆက်ဆံမှုနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာဖြင့် အပြုသဘောချဉ်းကပ်သည့်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကုန်းတွင်းရေနံတူးဖော်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် ဒေသခံများလည်းအနေဖြင့်လည်း အကျိုးကျေးဇူးခံစားရရှိနိုင်စေရန်ဆောင်ရွက်ရာတွင် နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ လိုက်နာဆောင်ရွက်ဖွယ်ချမှတ်ထားသည့် ကောင်းမွန်သည့်အခြေခံမှုများနှင့်အညီ လူမှုတာဝန်သိ CSR လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် မန်းရေနံမြေ၏ လုပ်ငန်းများအတွက် ဒေသခံများ၏ လူမှုရေးအရ သဘောတူညီမှုရရှိနိုင်အောင် ဆောင်ရွက်နိုင်ခြင်းလည်း ဖြစ်သည်။

## ဒေသခံများအတွက် ဆန်းစစ်လွယ်မှု၊ ကြိုတင်ခန့်မှန်းနိုင်မှုနှင့် ပွင့်လင်းမြင်သာမှု

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် မည်သည့်နေရာတွင်မဆို အဆိုပါလုပ်ငန်းများကို ဒေသခံလူထုနှင့် ထိတွေ့ဆက်ဆံလုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ထိတွေ့လုပ်ကိုင်ဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဘက်အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများရှိသကဲ့သို့ တစ်ခါတစ်ရံတွင် ပဋိပက္ခဖြစ်စေသည့် အခြေအနေများနှင့်လည်း ကြုံတွေ့ရတတ်ပါသည်။

ကုမ္ပဏီ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ချက်များကြောင့် အန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်သည့် အခြေအနေအဖြစ် သတ်မှတ်ဖော်ထုတ်နိုင်သည့် ဖြစ်စဉ်များစွာ ဖြစ်ပွားလျက်ရှိပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် "ကာကွယ်ခြင်း၊ လိုက်နာခြင်းနှင့် ကုစားခြင်း" ဟူသည့်ယန္တရားဖြင့် စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုတစ်ခုကို ကျင့်သုံးဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် ဆယ်နှစ်ကျော်ကာလတစ်ခုရှိပြီ ဖြစ်ပါသည်။

ကုလသမဂ္ဂ၏ လမ်းညွှန်အခြေခံမူများကို စတင်ကျင့်သုံးသည့် အချိန်မှစ၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သည့်အဆင့်တွင် နစ်နာမှုများကို ဖြေလျှော့ကုစားသည့် လုပ်ငန်းစဉ် (Operational Grievance Mechanism-OGM) တစ်ခုကို ဖော်ထုတ်ဆောင်ရွက်ခြင်းကြောင့် အဆိုပါလုပ်ငန်းစဉ်၏ အသုံးဝင်မှုကို နားလည်လက်ခံပြီး ကျင့်သုံးဆောင်ရွက်ကြသည့် ကုမ္ပဏီ အချို့ရှိလာကာ တိုးတက်ဖြစ်ထွန်းမှုများလည်း ရှိလာပါသည်။ လမ်းညွှန်အခြေခံမူ အမှတ်(၂၉) တွင် နစ်နာမှုများ ဖြေလျှော့ကုစားသည့်လုပ်ငန်းစဉ် (အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်) များကို အတိအကျဖော်ပြထားပြီး စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့လုပ်ငန်းကြောင့် မရည်ရွယ်ဘဲ ထိခိုက်ခံစားခဲ့ရသည့် ဒေသခံတစ်ဦးချင်းနှင့် ဒေသခံလူထုအတွက် နစ်နာမှုများကို ကုစားဖြေလျှော့ရာတွင် ထိရောက်သည့် လုပ်ငန်းစဉ်တစ်ခုဖြင့် နစ်နာမှုများကို စောစီးစွာ ဖော်ထုတ်ပြီး တိုက်ရိုက်ကုစားနိုင်မည့် နည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်ရန် ဖော်ပြထားပါသည်။

သဘာဝသယံဇာတအပေါ်တွင် မှီခိုအားထားသည့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတစ်ခုတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးအတွက် အကျိုးဖြစ်ထွန်းမှုများစွာရှိသည့် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအနေဖြင့် ရပ်တည်လျက်ရှိပါသည်။ ယင်းသို့ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မိမိတို့လုပ်ငန်းဆောင်ရွက်ချက်များ၏ အကျိုးဆက်ကြောင့် လုပ်ငန်းလုပ်ကိုင်သည့်ဒေသရှိ ဒေသခံများ၏ စိုးရိမ်မှုနှင့်နစ်နာမှုများ တစ်ခါတစ်ရံ ဖြစ်ပေါ်နိုင်ခြေရှိပါသည်။

ယင်းသို့ ထိခိုက်နစ်နာမှုရှိနိုင်သည့် ဒေသခံများ၏ စိုးရိမ်မှုနှင့် အငြင်းပွားမှုများကို သတ်မှတ်ဖော်ထုတ်နိုင်မည့်လုပ်ငန်းစဉ်ဖြစ်သည့် နစ်နာမှုဖြေရှင်းသည့် လုပ်ငန်းစဉ် (သို့မဟုတ်) အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ် (OGM) သည် နှစ်ဦးနှစ်ဘက် ထိတွေ့ဆက်ဆံရာတွင် ထိရောက်သည့် အခန်းကဏ္ဍအဖြစ် ပါဝင်လာပြီး ကုမ္ပဏီနှင့်ဒေသခံများအကြား ပဋိပက္ခဖြစ်နိုင်သည်များကို ဆန်းစစ်ဖော်ထုတ်ပြီး သင့်လျော်သည့်အဖြေတစ်ခုကို အတူတကွရှာဖွေနိုင်မည့်အခွင့်အလမ်းအဖြစ် ပံ့ပိုးလျက်ရှိပါသည်။ အမျိုးမျိုးသော ကုစားမှုနည်းလမ်းများဖြင့် နစ်နာမှုဖြေရှင်းသည့် လုပ်ငန်းစဉ်များတွင် ပုံစံမျိုးစုံရှိပြီး အဆိုပါလုပ်ငန်းစဉ်များသည် ဂေဟစနစ်ကုစားမှုနှင့်ပါ အံဝင်ခွင်ကျဖြစ်ရန် လိုအပ်ပါသည်။

UNITED NATIONS

## ကုလသမဂ္ဂ၏ လမ်းပြအခြေခံမူ

ကုလသမဂ္ဂ၏ " ကာကွယ်ခြင်း၊ လိုက်နာခြင်းနှင့် ကုစားခြင်း" ယန္တရားနှင့်အတူ လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ကုလသမဂ္ဂလမ်းညွှန်အခြေခံမူများတွင် ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေးများကိုလေးစားပြီး လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကုမ္ပဏီများအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ လုပ်သားများ (သို့) ဒေသခံလူထုအနေဖြင့် သော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှု၏ အကျိုးဆက်အနေဖြင့် ဖြစ်ပေါ်ခံစားရသည့် ထိခိုက်နစ်နာမှုဆိုင်ရာ တောင်းဆိုချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် နစ်နာမှုကုစားသည့်လုပ်ငန်းစဉ်တစ်ရပ် ထူထောင်ပြီး နစ်နာမှုကုစားရေးလုပ်ငန်းများကို ပံ့ပိုးသင့်ပါသည်။ ကုလသမဂ္ဂ၏ လမ်းညွှန်အခြေခံမူ အမှတ် (၃၁)နှင့်အညီ နစ်နာမှုကုစားရေးလုပ်ငန်းစဉ်များသည် တရားဝင်ဖြစ်ခြင်း၊ ဆန်းစစ်လွယ်ခြင်း၊ ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ သာတူညီမျှဖြစ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ရပိုင်ခွင့်နှင့် အံဝင်ခွင်ကျဖြစ်ခြင်းနှင့် စဉ်ဆက်မပြတ်လေ့လာနိုင်သည့် အခြေခံကောင်းတို့ဖြင့် ထိတွေ့ဆက်ဆံဆွေးနွေးမှုများကို အခြေခံရမည်ဖြစ်ပါသည်။



## ၂။ MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်

MPRL E&P သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism–OGM) ကို နိုင်ငံတကာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ စံသတ်မှတ်ချက်များနှင့်အညီ ပုံဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ဒေသခံများတင်ပြလာသည့် အကြံပြုဆွေးနွေးတင်ပြမှုနှင့်စိုးရိမ်မှုများကို ဖော်ထုတ်ပြီး ထိရောက်စွာဖြေရှင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ MPRL E&P ၏ ရည်ရွယ်ချက်တွင် ဒေသခံများ၏ လိုလားချက်များကို ဖော်ထုတ်တင်ပြခြင်းဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့်ဆက်စပ်သည့် သဘာဝပတ်ဝန်းကျင်နှင့် ရေနံမြေထိစပ်ကျေးရွာများနေ ဒေသခံများအပေါ် သက်ရောက်မှုများကို လေ့လာစောင့်ကြည့်ပြီး ဖြေရှင်းဆောင်ရွက်ခြင်းလည်းဖြစ်သည်။ လုပ်ငန်းဆောင်ရွက်နိုင်ရန် လူမှုရေးအရ သဘောတူညီမှုရရှိခြင်းသည် ဒေသခံများနှင့် ထိရောက်သည့်ပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်လုပ်ကိုင်နိုင်ခြင်း၏ အဓိအကြောင်းရင်းလည်းဖြစ်သည်။

MPRL E&P တွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ထိခိုက်ခံစားရသည့် ဒေသခံများ၏ နစ်နာမှုနှင့် အငြင်းပွားမှုများရှိလာပါက စနစ်တကျလက်ခံခြင်း၊ လေ့လာစုံစမ်းခြင်း၊ တုံ့ပြန်ခြင်းနှင့် ဖြေရှင်းမှုပြီးစီးပိတ်သိမ်းခြင်းဟူသည့် လုပ်ငန်းများကို မျှတစွာဖြင့် အချိန်မှန်ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ မိမိတို့၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို စီမံခန့်ခွဲသည့်စနစ်သည် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ဦးစွာပထမ ထိတွေ့ဆွေးနွေးမှုကို အခြေခံနိုင်ရန် ရည်ရွယ်ထားကာ လက်တုံ့ ပြန်နိုင်သည့် မည်သည့်အခြေအနေမျိုးကိုမဆို ကာကွယ်နိုင်မည့် ပုံစံတစ်ခုလည်း ဖြစ်ပါသည်။ မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် လူမှုရေးအရ သဘောတူညီမှုကို ထိန်းသိမ်းဆောင်ရွက်နိုင်မည့် အဓိကကျသည့် လုပ်ငန်းတစ်ခုအနေဖြင့်လည်း မှတ်ယူဆောင်ရွက်လျက်ရှိပါသည်။



**ဦးစည်သူမိုးမြင့်**
Chief Operating Officer (COO) &
Executive Director
MPRL E&P Pte Ltd.

“ ဒေသခံတွေအနေနဲ့ ကျွန်တော်တို့လုပ်ငန်းဆောင်ရွက်ချက်တွေကြောင့် ကြုံတွေ့ရတဲ့ ဒုက္ခတွေပဲဖြစ်ဖြစ်၊ နစ်နာမှုတွေပဲဖြစ်ဖြစ် တင်ပြမယ်ဆိုရင် တင်ပြနိုင်တဲ့ နည်းလမ်းသုံးခု ရှိပါတယ်။ ပထမနည်းလမ်းကတော့ ဒီနစ်နာမှုကို ကျေးရွာ (၁၄) ရွာမှာ ထားရှိတဲ့ စာတိုက်ပုံးတွေကနေတဆင့် တရားဝင်စာတင်ပြီး တင်ပြတဲ့နည်းလမ်းဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ဒီဒေသခံတွေအနေနဲ့ ဖုန်းနဲ့တိုက်ရိုက်ဆက်သွယ်ပြီး ဒီနစ်နာမှုကို တင်ပြလို့ရတဲ့နည်းလမ်း ဖြစ်ပါတယ်။ တတိယနည်းလမ်းကတော့ ကျေးရွာ (၁၄) ရွာမှာရှိတဲ့ စေတနာ့ဝန်ထမ်းတွေကနေတဆင့် တင်ပြလို့ရတဲ့နည်းလမ်း ဖြစ်ပါတယ်။ ”

မန်းရေနံမြေကို အဓိက စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)နှင့် အနီးကပ်ထိတွေ့ဆောင်ရွက်လျက်ရှိသည့် MPRL E&P သည် အကြံဉာဏ်ကောင်းများ၊ အခြားထောက်ပံ့မှုများနှင့် လမ်းညွှန်မှုများကို ပံ့ပိုးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဒေသခံလူထုအနေဖြင့် ပြောရေးဆိုခွင့်ရရှိနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ချက်ကြောင့် ထိခိုက်နစ်နာမှုရှိနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် ထိစပ်ကျေးရွာများရှိ ဒေသခံများထံမှ အကြံပြုချက်များ တောင်းခံရန်၊ စောင့်ကြည့်လေ့လာရန်နှင့် အဆိုပါနစ်နာမှုများကိုထိရောက်စွာ သတ်မှတ်ဖော်ထုတ်ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

ဒေသခံများ၏ မည်သည့်နစ်နာမှုများကိုမဆို အကြံပြုဖော်ထုတ်လာပါက မိမိတို့အနေဖြင့် အချိန်တိုအတွင်း အမြန်ဆုံးဖြေရှင်းနိုင်ရန် ရည်ရွယ်ပါသည်။ နစ်နာမှုအတိမ်အနက်ပေါ်မူတည်၍ အခက်အခဲအမျိုးအစား အလိုက် သတ်မှတ်ဖော်ထုတ်မည်ဖြစ်ကာ ချက်ချင်းဖြေရှင်းဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်တိုင်း အတွက် အကြံပြုတင်ပြလာသူကို တင်ပြပြီးပြီးချင်း (၂၄) နာရီအတွင်းနှင့် (ဖြစ်ခဲပြီး မိမိတို့ဖြေရှင်းပေးနိုင် သည့် အတိုင်းအတာအတွင်းရှိသည့်) အချို့ကိစ္စရပ်များအတွက် အသေးစိတ်စုံစမ်းရန်နှင့် ဖြေရှင်းဆောင် ရွက်နိုင်ရန်လိုအပ်သည့် အများဆုံး ရက်ပေါင်း (၃၀) အတွင်း တုံ့ပြန်ဖြေရှင်းနိုင်ရန် ဆောင်ရွက်ထားပါသည်။

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်တစ်ရပ် ထူထောင်ထားရှိခြင်းသည် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ အနေဖြင့် လက်လှမ်းမီနိုင်မှုကို ပံ့ပိုးထားခြင်းဖြစ်ပြီး အသေးစိတ်လုပ်ငန်းစဉ်အဆင့်ဆင့်ကိုပါ သိရှိနား လည်ရန်လိုအပ်ပါသည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို အသုံးပြုနိုင်ခြေရှိသူများအတွက် သတင်း အချက်အလက်များနှင့် အများပြည်သူအတွက် ထိရောက်ကျယ်ပြန့်စွာ ပြန်ကြားဆက်သွယ်ပေးခြင်း သည်လည်း အရေးကြီးပါသည်။

## ၂.၁။ ဦးတည်ချက်များ

MPRL E&P သည် အောက်ပါဦးတည်ချက်များ ထားရှိပါသည်။

- လုပ်ငန်းလုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ထိရောက်စွာလက်ခံ ဆောင်ရွက်နိုင်ရန် လုံခြုံစိတ်ချရသောစနစ်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- စိုးရိမ်ပူပန်မှုများနှင့် နောက်ဆက်တွဲအကျိုးဆက်များကိုလျှော့ချရာတွင် MPRL E&P နှင့် ဒေသခံလူထု အကြား မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်တည်ဆောက်ခြင်းဖြင့် အတူတကွပူးပေါင်းဆောင်ရွက်ရန်၊
- ဒေသခံများတွင် သီးခြားဆွေးနွေးရမည့်အကြံပြုချက်များရှိပါက လုံခြုံစွာလက်ခံဆွေးနွေးဆောင်ရွက်ရန်၊
- အကြံပြုဆွေးနွေးသူ၏ သဘောထားအမြင်များကို လေးစားပြီး ခွဲခြားဆက်ဆံခြင်းမပြုရန်။



## ၃။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ခရီး

လုပ်ငန်းဆောင်ရွက်မှုတွင် လူမှုရေးအရသဘောတူညီမှုရရှိခြင်းကို ဆက်လက်ထိန်းသိမ်းခြင်း၊ ယုံကြည်မှု တည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် အရေးကြီးအချက်များဖြစ်သည့်အတွက် မိမိတို့ အနေဖြင့် ဒေသခံများအပေါ် တန်ဖိုးထားပြီး ထုတ်ဖော်ပြောဆိုသည့်အချက်အလက်များကို စောင့်ကြည့် ခြင်း၊ နှစ်ဦးနှစ်ဘက်ပိုမိုဆက်သွယ်ပြောဆိုနိုင်မည့် နည်းလမ်းထားရှိခြင်းတို့ကို ပံ့ပိုးဆောင်ရွက်လျက်ရှိ ပါသည်။ သို့ဖြစ်၍ မန်းရေနံမြေတွင် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများပါဝင်နိုင်မည့်ပုံစံဖြင့် အကြံပြုဆွေး နွေးခြင်းလုပ်ငန်းစဉ်ကို ဒီဇိုင်းရေးဆွဲဆောင်ရွက်ခဲ့ပြီး လုပ်ငန်းဆက်နွယ်သက်ရောက်မှုများကို စောင့် ကြည့်လေ့လာ၍ ထိရောက်စွာဖြေရှင်းဆောင်ရွက်ရာတွင် ဒေသခံများကိုယ်တိုင် ထုတ်ဖော်ပြောဆိုနိုင် မည့်နည်းလမ်းပံ့ပိုးသည့်စနစ်ကို မြန်မာနိုင်ငံတွင် MPRL E&P၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း နှင့် ဒေသခံများပူးပေါင်းကာ ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်းဖြစ်သည်။



**Ms. Vicky Bowman**
Director, Myanmar Centre for Responsible Business (MCRB); International Advisory Council, IHRB

> " မြန်မာနိုင်ငံမှာ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို စတင်အသုံးပြုခဲ့ တဲ့ ကုမ္ပဏီတွေထဲကတစ်ခုကတော့ MPRL E&P ဖြစ်ပါတယ်။ MPRL E&P ရဲ့ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်က UN က ချမှတ်ထားတဲ့ စီးပွားရေး လုပ်ငန်းနဲ့ လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းတွေနဲ့လည်း ညီညွတ်ပါတယ်။ နောက်ထူးခြားချက်တစ်ခုကတော့ ဒေသခံစေတနာ့ဝန်ထမ်းတွေကို ပါဝင် စေခြင်းပါပဲ။ ရွာသူရွာသားချင်း ဖြစ်နေတဲ့အတွက် ဒေသခံတွေက စေတ နာ့ဝန်ထမ်းတွေကို ယုံယုံကြည်ကြည်နဲ့ ဆွေးနွေးတိုင်ပင်နိုင်ကြပါတယ်။ ဒီလုပ်ငန်းစဉ်အပေါ် လူထုရဲ့သိရှိမှုနဲ့ ပြဿနာငယ်လေးတွေကို အမြန်ဆုံး ကိုင်တွယ်ဖြေ ရှင်းရာကတဆင့် ပြဿနာမကြီးထွားနိုင်ဖို့လည်း အထောက် အကူဖြစ်ပါလိမ့်မယ်။ "

MPRL E&P ၏ ပိုမိုသိရှိနားလည်နိုင်ရေးနှင့် အသိပညာမျှဝေခြင်းလုပ်ငန်း၏ ကဏ္ဍတစ်ရပ်အနေဖြင့် မန်း ရေနံမြေဒေသခံများအတွက် အသိပညာမျှဝေသည့်အစီအစဉ်များကို ဒေသခံ စေတနာ့ဝန်ထမ်းများနှင့် ရေနံမြေ CSR ဝန်ထမ်းအဖွဲ့ဝင်များက အဖွဲ့ငယ်များခွဲ၍ နစ်နာမှုများရှိလာပါက ဖြေရှင်းဆောင်ရွက်နိုင် မည့်နည်းလမ်း များနှင့် ကုမ္ပဏီမှဖြေရှင်းဆောင်ရွက်ပေးနိုင်သည့်အခြေအနေနှင့် မဆောင်ရွက်ပေးနိုင် သည့် အခြေအနေလုပ်ငန်းစဉ်တွင်ပါဝင်သည့် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လိုက်နာဆောင် ရွက်ရမည့်အဆင့်များကို ပုံမှန်ရှင်းလင်းတင်ပြဆွေးနွေးပြီး အသိပညာမျှဝေလျက်ရှိပါသည်။ ထို့ပြင် ဒေသခံများအနေဖြင့် အကြံပြုစာပေးပို့လိုပါက အဆင်ပြေချောမွေ့စွာပေးပို့တင်ပြနိုင်ရန် ပေးပို့တင်ပြနိုင် မည့်နည်းလမ်းများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးထားပါသည်။ ကုမ္ပဏီ၏ ပိုမိုသိရှိနားလည်နိုင်ရေးနှင့် အသိပညာမျှဝေခြင်းလုပ်ငန်း၏ ကဏ္ဍတစ်ရပ်အနေဖြင့် အကြံပြုစာပေးပို့တင်ပြနိုင်မည့်နည်းလမ်းနှင့် နေရာအသီးသီးကိုလည်း အများပြည်သူသိရှိနိုင်ရန် အသိပေးကြေညာထားပြီး ဖြစ်ပါသည်။ MPRL E&P အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာနေရာတိုင်းတွင် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများက အကြံပြုတင်ပြလို ပါက အောက်ပါအဆင့်ငါးဆင့်ပါ လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

## ၄။ MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်

### အကြံပြုစာလွှာလက်ခံခြင်းနှင့် အသိအမှတ်ပြုခြင်း

အကြံပြုစာလွှာများကို ဒေသသုံးစကားအသုံးပြု၍ စာဖြင့်ရေးသားတင်ပြခြင်း၊ သက်ဆိုင်ရာရုံးများသို့ ဒေသခံ စေတနာ့ဝန်ထမ်းမှတဆင့် တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ ကြံပြုစာလွှာတစ်ခုချင်းဆီကိုရရှိပါက လက်ခံရရှိကြောင်း ချက်ချင်းအကြောင်းပြန်ကြားပေးမည်ဖြစ်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အကြံပြုစာပေးပို့သူထံ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

### ဆန်းစစ်ဖော်ထုတ်ခြင်းနှင့် တာဝန်ချထားခြင်း

အကြံပြုစာရရှိသည်နှင့်တပြိုင်နက် ပြင်းထန်မှုအတိမ်အနက်ကို ဆန်းစစ်ဖော်ထုတ်မည် ဖြစ်ပါသည်။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) အထွေထွေမန်နေဂျာနှင့် MPRL E&P ၏ ရေနံမြေစီမံခန့်ခွဲရေးမန်နေဂျာတို့ထံ CSR ရေနံမြေဝန်ထမ်းက အစီရင်ခံတင်ပြမည်ဖြစ်ပြီး အကြံပြုစာပါ နစ်နစ်နာမှုဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် သက်ဆိုင်ရာဌာနက နစ်နာမှုကိုစုံစမ်းဖော်ထုတ်နိုင်ရန် တာဝန်ပေးအပ်သည့် ဝန်ထမ်းနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်သည့်လုပ်ငန်းများကို အကြံပြုစာတင်ပြသူအား အချိန်နှင့်တပြေးညီ အသိပေးအကြောင်းကြားမည်ဖြစ်ကာ ကြီးမားသည့် နစ်နာမှုများဖြစ်ပါက ကုမ္ပဏီ၏ အမှုဆောင်စီမံခန့်ခွဲရေးအဆင့်ထိအောင် တင်ပြဆောင်ရွက်မည် ဖြစ်ပါသည်။



## စုံစမ်းစစ်ဆေးခြင်းနှင့် အသိပေးအကြောင်းကြားခြင်း

CSR ရေနံမြေ ညှိနှိုင်းကွပ်ကဲရေးဝန်ထမ်းနှင့် သက်ဆိုင်ရာဌာနများက အကြံပြုစာပါနစ်နာမှုကို စုံစမ်းစစ်ဆေးမည်ဖြစ်ပြီး အဆိုပြုဖြေရှင်းပေးမည့်အစီအစဉ်ကို အကြံပြုစာတင်ပြသူအား အသိပေးအကြောင်းကြားမည် ဖြစ်ပါသည်။ အချို့ကိစ္စရပ်များအတွက် ထပ်မံစုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ပေးပါရန် အကြံပြုစာတင်ပြသူက တောင်းဆိုလာသည်များလည်း ရှိနိုင်ပါသည်။

## အကြံပြုတင်ပြချက်ကို ပိတ်သိမ်းခြင်း




ဒေသခံများအတွက် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် အကြံပြုစာတင်ပြသူနှင့် မိမိတို့အနေဖြင့် အတူတကွ ထိတွေ့ဆွေးနွေးခြင်းကိုအခြေခံပြီး ထိရောက်သည့် အဖြေတစ်ခုရရှိအောင် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ တင်ပြလာသည့် ကိစ္စကြီးငယ်ပေါ်မူတည်၍ ကုစားရေးနည်းလမ်းများကို အဆိုပြုဆောင်ရွက်လျက် ရှိပါသည်။ မိမိတို့ အဆိုပြုသည့် ကုစားရေးနည်းလမ်းသည် ကျေနပ်ဖွယ်မရှိပါက အကြံပြုတင်ပြသူအနေဖြင့် အဆိုပါနစ် နစ်နာမှုအပေါ် ထပ်မံသုံးသပ်ပေးနိုင်ရန် အယူခံပိုင်ခွင့်ရှိပါသည်။ အကြံပြုတင်ပြသူအနေဖြင့် ဖြေရှင်းဆောင်ရွက်မှုအပေါ် လက်ခံသည်နှင့်တစ်ပြိုင်နက် အဆိုပါနစ်နစ်မှုများကို ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## သင်ခန်းစာဖော်ထုတ်ခြင်း

လက်ခံရရှိသည့် အကြံပြုစာများနှင့် စပ်လျဉ်း၍ သင်ခန်းစာဖော်ထုတ်ခြင်းနှင့် ပုံမှန်လေ့လာသုံးသပ်ခြင်းသည် လုပ်ငန်းစဉ်၏ အရေးပါသည့်အဆင့်တစ်ခုဖြစ်ပါသည်။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာနေရာများတွင် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ် စီမံခန့်ခွဲရေးလုပ်ငန်းများကို တိုးတက်ဖြစ်ထွန်းမှုရရှိစေရန် အကြံပြုတင်ပြချက်ဦးတည်ရာအလားအလာများနှင့် စပ်လျဉ်း၍ အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့နှင့် ပုံမှန်ဆွေးနွေးလျက်ရှိပါသည်။




အကြံပြုဆွေးနွေးခြင်းကို မိတ်ဆက်စမ်းသပ်ခြင်း
မေ - ဇွန် ၂၀၁၄
• အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို မန်းရေနံမြေရှိ ကျေးရွာပေါင်း (၁၄) ရွာအနက် ကျေးရွာ (၃) ခုတွင်စတင်မိတ်ဆက်ပြီး စမ်းသပ်ဆောင်ရွက်ခဲ့သည်။
• ဒေသခံလူထုအနေဖြင့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းအစီအစဉ်တွင် ပါဝင်ဆွေးနွေးနိုင်မည့် နည်းလမ်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို သိရှိနားလည်နိုင်စေရန် သတင်းအချက်အလက်များ မျှဝေနိုင်ခဲ့ပါသည်။
အကြံပြုဆွေးနွေးခြင်းကို စတင်ဆောင်ရွက်ခြင်း
ဇူလိုင် ၂၀၁၄
၂၀၁၄ ခုနှစ် ဇူလိုင်လ - အခြားကျေးရွာများတွင် အကြံပြုဆွေးနွေးခြင်း၊ လုပ်ငန်းအစီအစဉ်များကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။
ဗီနိုင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း
အောက်တိုဘာ ၂၀၁၄
ဒေသခံလူထု ဗဟုသုတ ပိုမိုရရှိစေရန် သတင်းအချက်အလက်၊ အသိပညာပေးရေးနှင့် လူမှုဆက်သွယ်ရေး လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဆိုင်းဘုတ်များ၊ ဗီနိုင်းကြော်ငြာများ၊ လက်ကမ်းစာစောင်နှင့် ကာတွန်းများကို အသုံးပြုဆောင်ရွက်ခဲ့ပါသည်။
၂၀၁၄
အရေးကြီးစွမ်းဆောင်ရည်ပြ အညွှန်းကိန်းများ သတ်မှတ်ခြင်း
ဖေဖော်ဝါရီ ၂၀၁၅
• အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အား ပိုမိုကောင်းမွန်စေရန် ယင်းလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ စိစစ်သုံးသပ်ခဲ့ပါသည်။
• ထိုသို့ စိစစ်သုံးသပ်မှုများကို အခြေခံ၍ MPRL E&P သည် ဝန်ထမ်းများအား ဆွေးနွေးဖြေရှင်းမှုများ အချိန်နှင့်တပြေးညီဆောင်ရွက်နိုင်မည့် နည်းလမ်းနှင့် သင်တန်းများ ပို့ချနိုင်ခဲ့ပါသည်၊
• အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ ထိရောက်မှုကို စောင့်ကြည့်ရန်နှင့် တိုင်းတာရန် အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်းများ သတ်မှတ်ဆောင်ရွက်ခဲ့သည်။
၂၀၁၅
စေတနာ့ဝန်ထမ်းများကို TOT သင်တန်းပို့ချခြင်း
မေ ၂၀၁၅
• ဒေသခံ စေတနာ့လုပ်အားပေးများသည် ဒေသခံလူထုသို့ သတင်းအချက်အလက်ဖြန့်ဖြူးပေးရန် ToT သင်တန်းများရရှိခဲ့သည်။
• စေတနာ့လုပ်အားပေးများသည် ကျေးရွာများအားလုံးရှိ အိမ်ထောင်စုဝင် အနည်းဆုံး (၅၀) ရာခိုင်နှုန်းကို အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အကြောင်း အသိပညာပေးလျက်ရှိပါသည်။
၂၀၁၆
KAP စစ်တမ်းကောက်ယူခြင်း
ဘဏ္ဍာနှစ် ၁၆ - ၁၇
• အိမ်ထောင်စု ၄၂၀ ၏ အကြံပြုချက်ဆွေးနွေးခြင်းလုပ်ငန်းစဉ်အပေါ် ဗဟုသုတ၊ သဘောထားနှင့် လက်တွေ့ဆောင်ရွက်မှုစစ်တမ်း တစ်ခု(KAP Survey) ကို လုပ်ဆောင်ကာ ဒေသခံလူထု၏ နားလည်သဘောပေါက်မှုနှင့် လက်ရှိကြုံတွေ့နေရသော အတားအဆီးများအကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။
- ၆၀% သောဖြေဆိုသူ (အိမ်ခြေ=၂၆၂) သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ကြားဖူးပါသည်လို့ ဖြေဆိုထားပါသည်။
၂၀၁၇
အကြံပြုဆွေးနွေးခြင်း လွှဲပ်ရှားမှု
ဘဏ္ဍာနှစ် ၁၆ - ၁၇
အကြံပြုဆွေးနွေးခြင်းလှုပ်ရှားမှု၏ ရည်မှန်းချက်
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ MPRL E&P နှင့် မန်းရေနံမြေရှိ ကျေးရွာလူမှုအသိုက်အဝန်း (၁၄) ခု တို့၏ ထိတွေ့လုပ်ကိုင်ဆောင်ရွက်မှု တိုးတက်စေရန်။
- အကြိမ်ရေ (၃၆)
- တက်ရောက်သူဦးရေ (၈၅၅)
KAP စစ်တမ်းကောက်ယူခြင်း
ဘဏ္ဍာနှစ် ၁၇ - ၁၈
• အိမ်ထောင်စု ၃၅၀ ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အပေါ် ဗဟုသုတ၊ သဘောထားနှင့် လက်တွေ့ဆောင်ရွက်မှု စစ်တမ်း တစ်ခု (KAP Survey) တစ်ခုကို အောက်တိုဘာလ ၂၀၁၇ ခုနှစ်တွင် ကောက်ယူခဲ့သည်။
- ၈၀%သောဖြေဆိုသူ (အိမ်ခြေ=၂၇၉)သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ကြားဖူးပါသည်လို့ ဖြေဆိုထားပါသည်။
၂၀၁၈
အကြံပြုဆွေးနွေးခြင်း လှုပ်ရှားမှု
ဘဏ္ဍာနှစ် ၁၇ - ၁၈
အကြံပြုဆွေးနွေးခြင်းလှုပ်ရှားမှု၏ ရည်မှန်းချက်
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ MPRL E&P နှင့် မန်းရေနံမြေရှိ ကျေးရွာလူမှုအသိုက်အဝန်း (၁၄) ခုတို့၏ ထိတွေ့လုပ်ကိုင် ဆောင်ရွက်မှု တိုးတက်စေရန်။
- အကြိမ်ရေ (၄၂)
- တက်ရောက်သူဦးရေ (၃၀၂၃)
KAP စစ်တမ်းကောက်ယူခြင်း
ဘဏ္ဍာနှစ် ၁၈ - ၁၉
အိမ်ထောင်စု ၃၄၀ ၏ အကြံပြုဆွေးနွေးခြင်း၊ လုပ်ငန်းစဉ်အပေါ် ဗဟုသုတ၊ သဘောထားနှင့် လက်တွေ့ဆောင်ရွက်မှု စစ်တမ်းတစ်ခု (KAP Survey) တစ်ခု ကောက်ယူခဲ့သည်။
- ၈၇%သောဖြေဆိုသူ (အိမ်ခြေ=၂၉၀) သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ကြားဖူးပါသည်လို့ ဖြေဆိုထားပြီး (အိမ်ခြေ=၄၅)သည် မကြားဖူးသည်လို့ ဖြေဆို
၂၀၁၉
အကြံပြုဆွေးနွေးခြင်း လှုပ်ရှားမှု
ဘဏ္ဍာနှစ် ၁၈ - ၁၉
အကြံပြုဆွေးနွေးခြင်းလှုပ်ရှားမှု၏ ရည်မှန်းချက်
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ MPRL E&P နှင့် မန်းရေနံမြေရှိ ကျေးရွာ လူမှုအသိုက်အဝန်း (၁၄) ခုတို့၏ ထိတွေ့ လုပ်ကိုင်ဆောင်ရွက်မှု တိုးတက်စေရန်။
- အကြိမ်ရေ (၁၆)
- တက်ရောက်သူဦးရေ (၁၈၇၂)
KAP စစ်တမ်းကောက်ယူခြင်း
ဘဏ္ဍာနှစ် ၁၉ - ၂၀
အိမ်ထောင်စု ၃၅၀ ၏အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ် အပေါ် ဗဟုသုတ၊ သဘောထားနှင့် လက်တွေ့ဆောင်ရွက်မှုစစ်တမ်းတစ်ခု (KAP Survey) တစ်ခု ကောက်ယူခဲ့သည်။
- ၉၆% သောဖြေဆိုသူ (အိမ်ခြေ=၃၃၁) သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ကြားဖူးပါသည်လို့ ဖြေဆိုထားပါသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ရလဒ်သည် ၈၇% မှ ၉၆% သို့ တိုးလာသည်၊
၂၀၂၀
အကြံပြုဆွေးနွေးခြင်း လှုပ်ရှားမှု
ဘဏ္ဍာနှစ် ၁၉ - ၂၀
အကြံပြုဆွေးနွေးခြင်း လှုပ်ရှားမှု၏ရည်မှန်းချက်
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ MPRL E&P နှင့် မန်းရေနံမြေရှိ ကျေးရွာလူမှုအသိုက် အဝန်း (၁၄) ခုတို့၏ ထိတွေ့လုပ်ကိုင်ဆောင်ရွက်မှု တိုးတက်စေရန်။
- အကြိမ်ရေ (၁)
- တက်ရောက်သူဦးရေ (၂၀၈၀)

“ ကျွန်တော်တို့ရွာမှာလုပ်တဲ့ အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်နဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေကတဆင့် MPRL E&P ရဲ့ OGM လုပ်ငန်းစဉ်ကို သိလာတာပါ။ တွင်းနံပါတ် ၃၃ နားက မြေပေါ်မှာ မီးတိုင်လဲနေတာတွေ့ခဲ့ပြီး ဒါကလျှပ်စစ်အန္တရာယ်ကျရောက်နိုင်တယ်လို့  သတိထားမိပါတယ်။ ဒါနဲ့ ရွာက အုပ်ချုပ်ရေးမှူးကို အသိပေးတော့ သူက ဒီကိစ္စလေးကို ရေနံမြေ CSR အဖွဲ့ကို ဆက်သွယ်အကြောင်းကြားပေးပါတယ်။ ရေနံမြေ CSR အဖွဲ့ကလည်း MPRL E&P ရဲ့ ရေနံမြေစီမံခန့်ခွဲရေးအဖွဲ့နဲ့ MOGE က လျှပ်စစ်နဲ့ဆိုင်တဲ့တာဝန်ရှိသူတွေဆီကို ချက်ချင်းဆက်သွယ်အကြောင်းကြားပါတယ်။ သက်ဆိုင်ရာဌာတွေက လာပြီးကြည့်ရှုပြီး နေ့ချင်းပြီးဖြေရှင်းဆောင်ရွက်ပေးပါတယ်။  အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ရှိတော့ ဒီကနေတင်ပြနိုင်လိုက်တဲ့အတွက် ရွာကလူတွေကြုံတွေ့နိုင်တဲ့ လျှပ်စစ်အန္တရာယ်ကနေလည်း ကင်းဝေးသွားပါတယ်။ အခုဆိုရင် မီးတိုင်က အရင်ကလို သစ်သားတိုင်မဟုတ်တော့ဘဲ စတီးတိုင်နဲ့ဖြစ်သွားပြီး တောင့်တောင့်တင်းတင်းနဲ့မို့ အန္တရာယ်လည်းကင်းသွားပါတယ်။ ကျွန်တော့်ဖြစ်စဉ်ကို ဥပမာပေးပြီး ဒီလိုဆွေးနွေးတင်ပြ အကြံပြုလို့ရတဲ့ အကြောင်း အိမ်နီးချင်းတွေကိုလည်း  ပြောဖြစ်ပါတယ်။ MPRL E&P အနေနဲ့ ဒီလိုထိရောက်တဲ့လုပ်ငန်းစဉ်လေးဆက်ရှိနေဖို့ မျှော်လင့်ပါတယ်။ ”



**ဦးအေးသောင်း**
ရွာသာကျေးရွာ



## ၅။ မန်းရေနံမြေ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ အသိပညာမြှင့်တင်ရေးလုပ်ရှားမှု

MPRL E&P သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုကို ၂၀၁၆ ခုနှစ်မှစတင်၍ ၂၀၁၉ ခုနှစ်အထိ လေးနှစ်ဆက်တိုက်ပြုလုပ်ခဲ့ပြီး အဆိုပါလှုပ်ရှားမှုမစတင်မီ MPRL E&P သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အပေါ် ဒေသခံလူထု၏ သိရှိနားလည်မှုနှင့် အကြံပြုစာတင်ပြသူများ၏ လက်ခံကျေနပ်မှုကိုဆန်းစစ်နိုင်ရန်နှင့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ တိုးတက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်နိုင်ရန် ဗဟုသုတ၊ သဘောထားအမြင်နှင့် အမူအကျင့် (KAP) ဆိုင်ရာ လေ့လာဆန်းစစ်ချက်ကို ဦးစွာဆောင်ရွက်ခဲ့ပါသည်။ အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးလှုပ်ရှားမှုကို အဆိုပါလေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ CSR လုပ်ငန်းအဖွဲ့အနေဖြင့်လည်း အသိပညာမြှင့်တင်ရေးအစီအစဉ်၏ ရည်မှန်းချက်များအောင်မြင်စေရန်နှင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ MPRL E&P၊ မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများ တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။







အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် CSR & Communications ဌာနက ပထမဦးဆုံးအကြိမ်အဖြစ် ဦးစီးဆောင်ရွက်ခဲ့ပြီး အဆိုပါလှုပ်ရှားမှုတွင် အသိပညာပေးအစီအစဉ်များဖြင့် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာရှိ ဒေသခံ (၈၅၅) ဦးကို အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာများ မျှဝေနိုင်ခဲ့သည်။ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အဆိုပါလှုပ်ရှားမှုကို အဆင့် (၃) ဆင့်ခွဲ၍ ဆောင်ရွက်ခဲ့ပြီး လှုပ်ရှားမှုကာလအတွင်း ဒေသခံလူထု (၃,၁၂၃) ဦးကို အသိပညာမျှဝေနိုင်ခဲ့သည်။ အဆိုပါ ဘဏ္ဍာရေးနှစ်အတွင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ တာဝန်ရှိသူ (၁၆) ဦးနှင့် စေတနာ့ဝန်ထမ်း (၅၄) ဦး တို့ကိုပါ





အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များ မျှဝေနိုင်ခဲ့သည်။ သို့ဖြစ်၍ ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် အတွင်း ဒေသခံစေတနာ့ဝန်ထမ်းများမှတဆင့် ကျေးရွာ (၁၄) ရွာရှိ အိမ်ထောင်စုပေါင်း (၂,၇၆၆) စုအတွက် အသိပညာမျှဝေသည့် အစီအစဉ် (၅၅၃) ကြိမ် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်အတွင်း CSR & Communications လုပ်ငန်းအဖွဲ့ဝင်များသည် လုပ်ငန်းစဉ်အပေါ် ဒေသခံများ၏ စိတ် ပါဝင်စားမှု၊ သိရှိနားလည်မှုနှင့် ယုံကြည်မှုတို့ကို မြှင့် တင်နိုင်ရန်ရည်ရွယ်၍ အကြံပြုဆွေးနွေးခြင်းလုပ် ငန်းစဉ်ဆိုင်ရာ အသိပညာမြှင့်တင်ခြင်းလှုပ်ရှားမှုကို မန်းရေနံမြေအတွင်း ဒေသခံဦးတည်အုပ်စုများခွဲခြားသတ်မှတ်၍ အဆင့် (၂) ဆင့်ဖြင့် ဆောင်ရွက်ခဲ့သည်။

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ အသိပညာများနှင့် အကြံပြုစာတင်ပြသည့် အလေ့အထများ မန်းရေနံမြေ ဒေသခံများအကြားတွင် ပိုမိုသိရှိနားလည်စေရန်ရည်ရွယ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးလှုပ်ရှားမှုကို စေတနာ့ဝန်ထမ်းများပူးပေါင်းပါဝင်မှုဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။ အဆိုပါဘဏ္ဍာရေးနှစ်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန်းရေနံမြေဒေသခံ ကျောင်းသားကျောင်းသူများ၊ မိဘဆရာများနှင့် ကျောင်းအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုဖြင့် အခြေခံပညာကျောင်းသားကျောင်းသူများ၏ တေးသရုပ်ဖော်ပြိုင်ပွဲနှင့် CSR လုပ်ငန်းများပြပွဲကို ခင်းကျင်းပြသခဲ့ပါသည်။



မန်းရေနံမြေ ထိစပ်ကျေးရွာများရှိ အခြေခံပညာကျောင်း (၁၁) ကျောင်းမှ ကျောင်းသားကျောင်းသူအဖွဲ့ (၁၁) ဖွဲ့က အကြံပြုဆွေးနွေးခြင်းကဏ္ဍနှင့် စပ်လျဉ်း၍ CSR & Communications ဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့်ရေးစပ်သီဆိုထားသော တေးသီချင်းကို တေးသရုပ်ဖော်ကပြယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများကို အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့်ဒေသခံများ လေ့လာကြည့်ရှုအားပေးကာ သက်ဆိုင်ရာပြခန်းများရှိ ကစားနည်းများနှင့် ပဟေဠိအစီအစဉ်များတွင်ပါဝင်နိုင်ရန် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ ကာတွန်းပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြခန်း၊ Trash Hero Minbu လှုပ်ရှားမှုများပြခန်း၊ မျက်နှာဆေးရေးပန်းချီရေးခြယ်နိုင်သည့် ပြခန်း၊ သက်မွေးပညာသင်တန်းထုတ်ကုန်ပစ္စည်းများဖြစ်သည့် ဝါးအခြေခံလက်မှုထုတ်ကုန်များ၊ ချည်ထည်အိတ်များ၊ ဆပ်ပြာအမျိုးမျိုးနှင့် စားသောက်ကုန်များပါဝင်သည့် ပြခန်းငယ်စုစုပေါင်း (၁၀) ခန်းကို ဖွင့်လှစ်ပြသခဲ့ပါသည်။ ယခုနှစ် အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးလှုပ်ရှားမှုတွင် မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရေနံမြေဝန်ထမ်းအဖွဲ့ (၄) ဖွဲ့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပူးပေါင်းပါဝင်တင်ဆက်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ မန်းရေနံမြေဒေသခံ စုစုပေါင်း (၂,၀၈၁) ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်အောင် မြင်ရေးအတွက် CSR & Communications ဌာနမှ တာဝန်ရှိသူများနှင့်အတူ မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့၊ ဒေသခံစေတနာ့ဝန်ထမ်းများ၊ သက်မွေးပညာသင်တန်းသားများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။







“ မန်းရေနံမြေ စီမံခန့်ခွဲရေးအလုပ်တွေက ၂၄ နာရီလုပ်နေရတဲ့အလုပ်မျိုးဖြစ်တဲ့အတွက် ဒေသခံတွေအပေါ်မှာလည်း လူမှုရေးဆိုင်ရာသက်ရောက်မှုတွေနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုတချို့ဖြစ်နိုင်မယ်လို့ ကျွန်တော်တို့ထင်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလမ်းညွှန်ချက်တွေကို အတိအကျလိုက်နာပြီး လုပ်ငန်းဆောင်ရွက်နေတဲ့အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုကတော့ တော်တော်ဖြစ်ခဲပါတယ်။ လုပ်ငန်းဆောင်ရွက်မှုတွေကြောင့်ဖြစ်ပေါ်လာနိုင်တဲ့ သက်ရောက်မှုရှိလာလို့ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်နဲ့ ဖြေရှင်းဆောင်ရွက်ဖို့ဖြစ်လာရင် ကျွန်တော်တို့ရေနံမြေစီမံခန့်ခွဲရေးအဖွဲ့က လုပ်ငန်းဆက်စပ်လုပ်ကိုင်ရတဲ့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ရှိသူတွေ၊ ရေနံမြေ CSR လုပ်ငန်းအဖွဲ့၊ ကျေးရွာစေတနာ့ဝန်ထမ်းတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ အမြဲတမ်းပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်ပါတယ်။ ဒေသခံတွေတင်ပြလာတဲ့ကိစ္စတွေကို ကျေနပ်အောင် ဖြေရှင်းဆောင်ရွက်ရာမှာ ဒီလိုပူးပေါင်းဆောင်ရွက်တာက အဓိကကျပြီး အရေးကြီးပါတယ်။ ဘာကြောင့်ဆိုရင် ဒါက OGM လုပ်ငန်းစဉ်အတွက်အရေးပါတဲ့ အသင်းအဖွဲ့စိတ်ဓာတ်နဲ့ ဆောင်ရွက်ရတာလည်းဖြစ်ပါတယ်။ OGM လုပ်ငန်းစဉ်နဲ့ တင်ပြဖြေရှင်းနိုင်တဲ့နည်းလမ်းရှိတဲ့အတွက် အကြံပြုတင်ပြလာတဲ့ကိစ္စတိုင်းကို မြန်မြန်ဆန်ဆန်ဖြေရှင်းနိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့လုပ်ငန်းတွေကိုလည်း နှောင့်နှေးကြန့်ကြာမှုနဲ့ ကြီးကြီးမားမားပြဿနာတစ်စုံတစ်ရာမဖြစ်ဘဲ ဆောင်ရွက်နိုင်တာလည်း ဖြစ်ပါတယ်။ ကျေးရွာတွေကနေ OGM လုပ်ငန်းစဉ်နဲ့ တင်ပြလာလို့ ကျွန်တော်တို့လုပ်ငန်းတွေမှာ လျှစ်စစ်နဲ့




**U Myo Win**
Field Operations Manager
Field Operations Department

မီးဘေးအန္တရာယ်မျိုးကအစ ကြိုတင်ကာကွယ်လာနိုင်ပါတယ်။ ဒီလုပ်ငန်းစဉ်ကနေ ကျွန်တော်တို့အဖွဲ့အစည်းနဲ့ဒေသခံတွေကြားမှာ လုပ်ငန်းဆောင်ရွက်ရတဲ့အပေါ် နားလည်မှုပိုရှိလာပြီး ဒေသခံတွေရဲ့ စိုးရိမ်မှုတစ်စုံတစ်ရာရှိခဲ့ရင်လည်း ဒေသခံတွေကျေနပ်အောင် ကျွန်တော်တို့အနေနဲ့ ဖြေရှင်းဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေရှာနိုင်ဖို့ ပံ့ပိုးပေးပါတယ်။ ဒါကြောင့်လည်း ဒီလုပ်ငန်းစဉ်က လုပ်ငန်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းနဲ့ ဒေသခံလူထုကြားမှာ ခိုင်မာတဲ့ဆက်ဆံရေး တည်ဆောက်နိုင်ဖို့အတွက်ပါ အထောက်အပံ့ ဖြစ်ပါတယ်။ ”

## ၆။ KAP စစ်တမ်းရလဒ် (၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်)

နှစ်စဉ် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အသိပညာ၊ သဘောထားနှင့် အမူအကျင့် ဆိုင်ရာလေ့လာဆန်းစစ်မှုကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလ၏ တတိယပတ်နှင့် စတုတ္ထအပတ်တို့တွင် ပြုလုပ်ခဲ့ ပါသည်။ အဆိုပါ ဆန်းစစ်လေ့လာချက်ကို ရည်မှန်းလူဦးရေ အိမ်ထောင်စုစုစုပေါင်း (၂,၈၇၇) စုတွင် အိမ်ထောင်စုပေါင်း (၃၄၄) ကို နမူနာယူ၍ လေ့လာခဲ့ပါသည်။ ကျပန်းကောက်ယူရေတွက်ချက်အရ မန်းရေနံ မြေနှင့် ထိစပ်ကျေးရွာ (၁၄) ရွာအနက်မှ အိမ်ထောင်စု (၃၆၀) ကို ကျပန်းရွေးချယ်ကောက်ယူဆန်းစစ် ထားခြင်း ဖြစ်ပါသည်။ လေ့လာဆန်းစစ်ချက်အရ အဓိကတွေ့ရှိချက်များကို အောက်ပါအတိုင်းဖော်ပြ အပ်ပါသည်။







## အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးအစီအစဉ် (၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်)

အသိပညာပေးလှုပ်ရှားမှုနှင့် CSR လုပ်ငန်းများပြပွဲ (၁) ကြိမ်ကျင်းပခဲ့ပြီး ဒေသခံ စုစုပေါင်း (၂,၀၈၁) ဦး တက်ရောက်ခဲ့ပါသည်။

## အကြံပြုဆွေးနွေးခြင်းကဏ္ဍ မြှင့်တင်ရေးအစီအစဉ်ဆိုင်ရာ ရည်မှန်းချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ MPRL E&P၊ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာ (၁၄) ရွာမှ ဒေသခံများနှင့် ထိတွေ့ဆက်ဆံမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊

## အကြံပြုဆွေးနွေးခြင်းကဏ္ဍ မြှင့်တင်ရေးအစီအစဉ်ဆိုင်ရာ ရည်ရွယ်ချက်

- ရည်မှန်းလူဦးရေ၏ ၃၀ % အထိ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို သိရှိနားလည်စေရန်၊
- ဆန်းစစ်မေးမြန်းခဲ့သူများအနက် ၃၀% အထိ ယခုလုပ်ငန်းစဉ်ကို ထိရောက်စွာ အသုံးချနိုင်စေရန်၊
- ယခုလုပ်ငန်းစဉ်သည် ပါဝင်ဆက်နွယ်သူ သုံးဦးအကြား ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးတစ်ရပ် ဖြစ်ထွန်းစေရန် အထောက်အကူပြုသည်ဟု ယုံကြည်သူ ၁၀% အထိ တိုးတက်စေရန်။



## ၇။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အပေါ် ဒေသခံများ၏သဘောထားအမြင် (၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် သက်ရောက်မှုဆန်းစစ်ချက်စစ်တမ်း)

၂၀၂၂ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့မှ (၃၁) ရက်နေ့အတွင်း မန်းရေနံမြေဒေသအတွင်း အိမ်ထောင်စုများ၊ သတင်းအချက်အလက်ပေးသူများနှင့် သတ်မှတ်အုပ်စုအလိုက် ဆွေးနွေးမေးမြန်းမှုများဖြင့် သက်ရောက်မှုဆန်းစစ်သည့် လုပ်ငန်းတစ်ရပ်ကို MPRL E&P CSR & Communications ဌာနက ဆောင်ရွက်ခဲ့သည်။ အဆိုပါ လေ့လာဆန်းစစ်မှုသည် CSR လုပ်ငန်းများကို အကောင်အထည်ဖော်လုပ်ကိုင်ရသည့် လုပ်ငန်းစဉ်တွင်ပါဝင်သည့် ဒေသခံ လုပ်ငန်းဆက်စပ်သူများနှင့် အကျိုးကျေးဇူး ရရှိသူများ၏ တုံ့ပြန်မှုများကို စုစည်းနိုင်ရန်၊ လုပ်ငန်းများ၏ ထိရောက်မှုနှင့် သက်ဆိုင်သူများ၏ ကျေနပ်မှုအခြေအနေကို ဆန်းစစ်ရန်နှင့် မန်းရေနံမြေတွင် MPRL E&P အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းဆောင်ရွက်ချက်များ၏ သက်ရောက်မှု၊



အကောင်အထည်ဖော်မှုတို့တွင် ပိုမိုကောင်းမွန်သည့် လုပ်ငန်းဆောင်ရွက်ချက်များဖြစ်စေရန် ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေများကို ဆန်းစစ်ဖော်ထုတ်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါလေ့လာဆန်းစစ်မှုတွင် မန်းရေနံမြေ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အပါအဝင် CSR လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ထားရှိသည့် ဒေသခံများ၏ သဘောထားကိုလေ့လာရာတွင် မန်းရေနံမြေဒေသခံအိမ်ထောင်စု စုစုပေါင်း၏ (၁၅) ရာခိုင်နှုန်း



ရှိသည့် ဒေသခံ (၄၂) ဦးကို CSR လုပ်ငန်း အဖွဲ့ဝင်များက မေးမြန်းနိုင်ခဲ့သည်။ စစ်တမ်းအချက်အလက်များကို သမာသမတ်ကျစွာ ကောက်ယူဆန်းစစ်နိုင်ရန် Communications လုပ်ငန်းအဖွဲ့ဝင်များက ဦးဆောင်၍ ဦးတည်အုပ်စုဆွေးနွေးပွဲများ (Focus Group Discussion)နှင့် သက်ဆိုင်သူများကို သီးသန့်စစ်တမ်းကောက်ယူမှုအမေးအဖြေများ (Key Informant Interview) တို့ကို မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာနေ CSR လုပ်ငန်းများ၏ အကျိုးခံစားခွင့်ရရှိသူများဖြစ်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ ဒေသခံစေတနာ့ဝန်ထမ်းများ၊ အမျိုးသား၊ အမျိုးသမီးအစုအဖွဲ့များ၊ တောင်သူအစုအဖွဲ့များ၊ သက်မွေးပညာသင်တန်းသားများ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ CSR လုပ်ငန်း အဖွဲ့ဝင်ဟောင်းနှင့် အခြားလုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့်ပါ ဆွေးနွေးမေးမြန်းခဲ့သည်။



အိမ်ထောင်စုဝင်များ စစ်တမ်းကောက်ယူမှု (Household Survey) အရ (၉၇) ရာခိုင်နှုန်းသည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကိုသိရှိကြပြီး လုပ်ငန်းစဉ်ကိုသိရှိပြီးသူများနှင့် ကြားဖူးသူများကိုလည်း မည်သို့သိရှိကြသည်ကို မေးမြန်းခဲ့ရာ (၈၉) ရာခိုင်နှုန်းသည် လုပ်ငန်းစဉ်ဆိုင်ရာ ထုတ်ဝေပြီးစာစောင်များ၊ လက်ကမ်းစာစောင်များ၊ ပိုစတာများကို ဖတ်ရှုခြင်းဖြင့် (၈၈) ရာခိုင်နှုန်းသည် ဒေသခံစေတနာ့ဝန်ထမ်းများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များထံမှ သိရှိရကြောင်း သိရသည်။ ဖြေကြားသူများအနေဖြင့် OGM လုပ်ငန်းစဉ်ကို အသိအမှတ်ပြုကြောင်း၊ ဒေသခံများ၏ စိုးရိမ်မှုနှင့် ဖြေရှင်းဆောင်ရွက်စေလိုသည့်ကိစ္စများကို ကုမ္ပဏီထံ တိုက်ရိုက်ဖော်ထုတ်တင်ပြမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးမှုနှင့် သတ်မှတ်အချိန်အတွင်း စိတ်ကျေနပ်ဖွယ်အဖြေနှင့် ဖြေရှင်းဆောင်ရွက်မှုကိုလက်ခံရရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ဦးတည်အုပ်စုဆွေးနွေးပွဲများ (Focus Group Discussion)တွင် OGM လုပ်ငန်းစဉ်နှင့်ဆက်စပ်မေးခွန်းများကို ဖြေကြားရာတွင် လုပ်ငန်းစဉ်အပေါ် ၎င်းတို့၏ စိတ်ကျေနပ်မှုများကိုပါထည့်သွင်းဖြေကြားခဲ့ရာ အဆို ပါအဖြေများကို အောက်ပါအတိုင်းအကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

- တောင်သူများအနေဖြင့် ၎င်းတို့တင်ပြလိုသည့်ကိစ္စများကြောင့် ဂယက်ရိုက်ခတ်မှုဖြစ်ပေါ်နိုင်သည်ကို ကြောက်ရွံ့ခြင်းမရှိဘဲ မည်သည့်အချိန်မဆို ကုမ္ပဏီထံတင်ပြနိုင်ကြောင်း၊
- ရေနံယိုဖိတ်ခြင်း၊ လျှပ်စစ်အန္တရာယ်ရှိသည့် အခြေအနေများနှင့် အခြားပြဿနာများကို ကောင်းစွာဖြေရှင်းဆောင်ရွက်နိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များထံ အလွယ်တကူ ဆက်သွယ်အကြောင်းကြားနိုင်ခြင်း၊
- ရေနံယိုဖိတ်မှုကြောင့် ကျန်းမာရေးပြဿနာမရှိခြင်း၊
- အများသိပြီးဖြစ်သည့် ပြစ်မှုကျူးလွန်သူ၏ ရန်ငြိုးဖွဲ့ခြင်းကို ခံရနိုင်ခြေရှိသည့်အတွက် လက်ရှိသတင်းပို့သည့်စနစ်ဖြင့် ရေနံခိုးမှုများကို အကြောင်းကြားတင်ပြရန် စိန်ခေါ်မှုရှိခြင်း၊



သက်ဆိုင်သူများကို သီးသန့်စစ်တမ်းကောက်ယူမှုအမေးအဖြေများ (Key Informant Interview) တွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို အသုံးပြုရသည့်အတွက် ယုံကြည်ချက်ရှိကြောင်း၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေခြင်းနှင့် အိမ်နီးချင်းများကိုလည်း ၎င်းတို့၏ ရပိုင်ခွင့်တစ်ခုအနေဖြင့် လုပ်ငန်းစဉ်ကို အသုံးပြုနိုင်ကြောင်း ညွှန်းပြခြင်းဖြင့် လုပ်ငန်းစဉ်အပေါ် ယုံကြည်မှုရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ အမေးအဖြေ ဖြေကြားသူများက လုပ်ငန်းစဉ်သည် ၎င်းတို့၏ ဆုံးရှုံးမှုများကို လျှော့ချပေးနိုင်ခြင်း၊ ရပိုင်ခွင့်ကို အကာအကွယ်ပေးခြင်းနှင့် ခံစားရမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ကို အမှန်တကယ်ပံ့ပိုးနိုင်ကြောင်း အတည်ပြုဖြေကြားခဲ့သည်။ OGM လုပ်ငန်းစဉ်ဖြင့် ကုမ္ပဏီထံ ၎င်းတို့၏အခက်အခဲများနှင့်လိုလားချက်များကို ရင်းနှီးပွင့်လင်းစွာ တင်ပြနိုင်ပြီး မန်းတောင်သူများအတွက်သာမက မန်းဒေသခံများအားလုံးအတွက်ပါ အကျိုးရှိစေသည့် လုပ်ငန်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ဖြစ်၍ သက်ရောက်မှုများကို လေ့လာဆန်းစစ်သည့် စစ်တမ်းရလဒ်အရ မန်းရေနံမြေ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းဆောင်ရွက်ရာဒေသရှိ ဒေသခံများအတွက် ယုံကြည်မှုနှင့် စိတ်ကျေနပ်မှုကိုပေးစွမ်းနိုင်ပြီး MPRL E&P က ဒေသခံများ၏ရပိုင်ခွင့်ကို အကာအကွယ်ပေးလျက်ရှိကြောင်း ထပ်မံအတည်ပြုနိုင်ခြင်းလည်းဖြစ်သည်။









## ၈။ အကျပ်အတည်းကာလအတွင်း အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် ဆက်လက်ဖွင့်လှစ်ထားရှိခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာလုံးဆိုင်ရာကူးစက်ပြန့်ပွားမှု ဖြစ်ပွားလျက်ရှိကြောင်း ၂၀၂၂ ခုနှစ် မတ်လ (၁၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာပြီးနောက်ပိုင်း MPRL E&P သည် ကိုဗစ် -၁၉ ၏ နောက်ဆက်တွဲသက်ရောက်မှုများကြောင့် ဘဏ္ဍာရေးနှင့်လုပ်သားအင်အားကို အနည်းဆုံးလျှော့ချကာ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် မန်းရေနံမြေ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် ရပ်ဆိုင်းထားရန် မဖြစ်နိုင်ဘဲ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် နိစ္စဓူဝ ထိတွေ့ရသည့် ဒေသခံများအတွက် ၎င်းတို့၏ စိုးရိမ်မှုနှင့်အခက်အခဲများကို ဆန်းစစ်ဖော်ထုတ်ပြီး လုံခြုံစိတ်ချရသည့် နည်းလမ်းဖြင့်ဖြေရှင်းရန် ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ ကူးစက်ရောဂါပြန့်ပွားမှု ပြင်းထန်သည့်ကာလနှင့် နိုင်ငံရေးဆိုင်ရာအပြောင်းအလဲများဖြစ်ပွားသည့် ကာလများတွင် လုပ်ငန်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် စိန်ခေါ်မှုများစွာရှိခဲ့သော်လည်း ယင်းသို့အကျပ်အတည်းကာလအတွင်းတွင်ပင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို မှန်ကန်ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၀ ခုနှစ် မတ်လ မှ ၂၀၂၂ ခုနှစ် ဇွန်လအတွင်း မန်းရေနံမြေဒေသခံများထံမှ ပိုက်လိုင်းဟောင်းများ ဖယ်ရှားပေးနိုင်ရန်၊ ဒေသခံတောင်သူများ၏ လယ်ယာမြေအတွင်းရှိ ပိုက်လိုင်းဟောင်းများပြင်ဆင်ခြင်း၊ ဖယ်ရှားခြင်း၊ မြှုပ်နှံခြင်း စသည့် အကြံပြုချက်များအတွက် အကြံပြုစာစုစုပေါင်း (၄၅) ခုကို အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်မှတဆင့် MPRL E&P က လက်ခံရရှိခဲ့ပြီး ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်။







ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင်မဖြစ်သေးသည့်အခြေအနေတွင် တာဝန်ရှိမှုနှင့် စိတ်ကောင်းစေတနာထားရှိခြင်းဖြင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ကောင်းစွာလည်ပတ်ဆောင်ရွက်နိုင်ရန် ရေနံမြေဝန်ထမ်းများက ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံစေတနာ့ဝန်ထမ်းများ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများ၊ မန်းရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များပါဝင်သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ တာဝန်ခံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် တင်ပြလာသည့်အကြံပြုစာများကို ဖြေရှင်း

**ကိုဗစ်-၁၉ ဖြစ်ပွားမှုကာလအတွင်း အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် ဆောင်ရွက်မှုအခြေအနေ**

မတ်လ ၂၀၂၀ ခုနှစ် မှ ဇွန်လ ၂၀၂၂ ခုနှစ် အထိ

လက်ခံရရှိသည့် အကြံပြုစာ (၄၅) စောင်

ဆောင်ရွက်နိုင်ခဲ့သည်။ သို့ဖြစ်၍ ပူးပေါင်းဆောင်ရွက်မှုရလဒ်အဖြစ် အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်းပါ အချက်အလက်များနှင့်အညီ ဒေသခံများ၏ စိုးရိမ်မှုနှင့် တင်ပြလာမှုများကို အစီအစဉ်တကျ အချိန်နှင့်တပြေးညီ လေးစားစွာဖြေရှင်းနိုင်ခဲ့သည်။






အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အပြင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် လေ့လာဆန်းစစ်ချက်ပြုလုပ်ခြင်းဖြင့် ဒေသခံများ၏ အသံနှင့်စိုးရိမ်မှုများကိုပါ နားထောင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ အဆိုပါလေ့လာဆန်းစစ်မှုအရ မန်းရေနံမြေဒေသခံလူထုအနေဖြင့် ကျန်းမာရေးစောင့် ရှောက်မှုများအမှန်တကယ် လိုအပ်လျက်ရှိသည်ကိုသတိပြုမိပြီး ဒေသခံများအနေဖြင့် နိုင်ငံရေးအပြောင်းအလဲများနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု၏ပြင်းထန်သည့်အကျိုးဆက်များကြောင့် နေ့စဉ်လူမှု ဘဝတွင် ကျန်းမာရေးစောင့်ရှောက်မှုကို မှန်ကန်သည့် နည်းလမ်းဖြင့်



ရရှိနိုင်ရန် စိန်ခေါ်မှုအခက်အခဲများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။ ယင်းသို့ အမှန်တကယ် လိုအပ်ချိန်တွင် MPRL E&P သည် လုပ်ငန်းလုပ်ကိုင်ရာဒေသခံများအတွက် ယခင်က မန်းရေနံမြေအတွင်းအခမဲ့ဝန်ဆောင်မှုပေးခဲ့သည့် ရွှေ့လျားဆေးပေးခန်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရန် စိတ်အားထက်သန်စွာမျှော်လင့်ခဲ့ကြသည်။ ဒေသခံများ၏ ခိုင်မာသည့် လိုလားချက်နှင့် အသံများကိုနားစွင့်ပြီး ၎င်းတို့၏

တောင်းဆိုမှုများကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် MPRL E&P ၏ CSR အစီအစဉ်ဖြင့် မန်းရေနံမြေ ဒေသခံများအတွက် ရွှေ့လျားဆေးပေးခန်းများကို ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းကမ်းများနှင့် အညီ ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ခဲ့သည်။

MPRL E&P သည် ၂၀၂၀ ခုနှစ်၊ ဧပြီလမှ စတင်၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုရှိသည့် ကာလအတွင်းတွင် ဒေသခံလူနာများနှင့် ဝန်ထမ်းများ၏ ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုများနှင့် ဘေးကင်းလုံခြုံရေးကို ထည့်သွင်းစဉ်းစားကာ ရွှေ့လျားဆေးပေးခန်း အစီအစဉ်ကို ယာယီရပ်ဆိုင်းထားခဲ့သည်။ သို့ရာတွင် ဒေသခံများ၏ တောင်းဆိုမှုများနှင့်အသံများကို နားစွင့်ခြင်းဖြင့် အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် မန်းရေနံမြေဒေသခံများအတွက် ရွှေ့လျားဆေးပေးခန်းများကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။





၂၀၂၀ ခုနှစ် ဧပြီလမှ စတင်၍ လပေါင်း (၂၂) လကြာ ယာယီရပ်ဆိုင်းထားခဲ့သည့် ရွှေ့လျားဆေးပေးခန်းများကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှ စတင်၍ မန်းရေနံမြေတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး မန်းရေနံမြေထိစပ်ကျေးရွာများအနက် အလယ်စုရပ်တွင်ရှိသည့် ရွာ (၄) ရွာတွင် တစ်ပတ်လျှင် ဆေးပေးခန်း (၄) ကြိမ်ဖွင့်လှစ်ခြင်းဖြင့် စတင်နိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစတင်၍ အေးမြနှင့် နန်းဦးကျေးရွာတို့တွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း တစ်လှည့်စီ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်တွင် မန်းရေနံမြေဒေသခံများအတွက် ကျေးရွာ (၆) ရွာတွင် ရွှေ့လျားဆေးပေးခန်း (၅) ခုဖြင့် အပတ်စဉ် (၅) ရက် ဖွင့်လှစ်ကာ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။





အဆိုပါ ရွေ့လျားဆေးပေးခန်းအစီအစဉ်အတွက် ဆရာဝန်တစ်ဦး၊ ကျန်းမာရေးအထောက်အကူပြု ဝန်ထမ်း (၂) ဦး၊ ဒေသခံစေတနာ့ဝန်ထမ်းများနှင့်စတင်၍ လိုအပ်သည်များကို MPRL E&P ၏ CSR အစီအစဉ်ဖြင့် ပံ့ပိုးခဲ့ပြီး အစီအစဉ်ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရန် စောင့်ကြည့်လေ့လာခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လမှ စတင်၍ MPRL E&P ၏ ရေနံမြေတာဝန်ခံဆရာဝန် (၂) ဦးက ရွေ့လျားဆေးပေးခန်းများတွင် တာဝန်ခံဆရာဝန်များအဖြစ် အလှည့်ကျပါဝင်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး ဒေသတွင်းအဖြစ်များသည့် ရောဂါများဖြစ်သည့် ဆီးချိုနှင့်သွေးတိုးရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးအစီအစဉ် (၂၁) ကြိမ် ပြုလုပ်ခဲ့ပြီး ဒေသခံ (၄၂၈) ဦး တက်ရောက်ခဲ့ပြီး ဖြစ်သည်။ ရွေ့လျားဆေးပေးခန်းများ ပြန်လည်ဖွင့်လှစ်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့အထိ ဆေးပေးခန်းဖွင့်လှစ်မှု အကြိမ်ရေ (၂၃၀) တွင် ဆေးခန်းလာရောက်ပြသမှု အကြိမ်ရေ (၇,၆၃၀) ကြိမ်ရှိပြီ ဖြစ်သည်။

**CSR လုပ်ငန်းဆိုင်ရာ သက်ရောက်မှုဆန်းစစ်ချက်တွင် အိမ်ထောင်စုများက ရွေ့လျားဆေးပေးခန်းဆိုင်ရာ သဘောထားများကို အောက်ပါအတိုင်း ဖြေကြားခဲ့သည်။**

- လူနာများ၏ နာမကျန်းမှုများအတွက် ထိရောက်သည့်ဆေးဝါးများကို ရွေ့လျားဆေးပေးခန်းများတွင် အသုံးပြုသည့်အတွက် အချိန်တိုအတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာကြောင်းကို အများစုကဖြေကြားခဲ့သည်။
- ကျေးရွာဒေသခံများတွင် မပြည့်စုံသူများ၊ သက်ကြီးရွယ်အိုများနှင့်ကလေးများအတွက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် အကျိုးအလွန်များကြောင်း ဖြေကြားခဲ့သည်။
- ဆီးချို၊ သွေးတိုးကဲ့သို့ နာတာရှည်ရောဂါရှိသူများကို ရောဂါဖြစ်ပွားမှုအလိုက် ဆေးဝါးပံ့ပိုးမှုအပြင် နောက်ဆက်တွဲရောဂါများကို ကာကွယ်နိုင်ရန်အတွက်ပါ ဆေးဝါးများပံ့ပိုးပေးကြောင်း ဖြေကြားခဲ့သည်။
- လာရောက်ပြသသည့်လူနာတိုင်းအပေါ် ဆရာဝန်နှင့် ကျန်းမာရေးအထောက်အကူပြုဝန်ထမ်းများက ရင်းနှီးဖော်ရွေစွာ အကူအညီပေးကြောင်းနှင့် ရွေ့လျားဆေးပေးခန်းဆိုင်ရာ မေးမြန်းမှုကို ဖြေကြားသူ (၁၀၀) ရာခိုင်နှုန်းက ၎င်းတို့ကိုယ်တိုင်နှင့် မိသားစုဝင်များ၊ ဒေသခံများအတွက် အကျိုးရှိသည့်အစီအစဉ်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

## ၉။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အရေးကြီးစွမ်းဆောင်ရည်ပြ အညွှန်းကိန်းများ





**ပုံ(၁) – အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အရေးကြီးစွမ်းဆောင်ရည်ပြ အညွှန်းကိန်းများ (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ – ၂၀၂၃ ခုနှစ်၊ မတ်လ)**




" တွင်းနံပါတ် (၁၇၅) နားက ကျွန်တော့်ယာခင်းထဲမှာ ရေနံယိုစိမ့်နေတာတွေ့လို့ MPRL E&P ရဲ့ OGM လုပ်ငန်းစဉ်အတိုင်း အကြောင်းကြားခဲ့ပါတယ်။ စေတနာ့ဝန်ထမ်းက သက်ဆိုင်ရာကို ဆက်လက်တင်ပြပြီး အဖွဲ့နဲ့လာကြည့်ပြီး လိုအပ်သလို ပြုပြင်ပေးခဲ့ပါတယ်။ CSR ညှိနှိုင်းရေးမှူးက ရေနံမြေစီမံခန့်ခွဲရေးအဖွဲ့ကို ချက်ချင်းအကြောင်းကြားပေးပါတယ်။ သူတို့က လာကြည့်ပြီး ရေနံဖိတ်နေတဲ့နေရာကို ပြန်ပြီးသန့်ရှင်းပေးတာ၊ ပိုက်လိုင်းတွေကို နေ့ချင်းပြီး ပြုပြင်ပေးတာတွေ လုပ်ပေးခဲ့ပါတယ်။ ဖုန်းဆက်ပြီးပြောလိုက်တာနဲ့ ချက်ချင်းလာပြီးဆောင်ရွက်ပေးတာတွေ့ရတော့ ကျေးဇူးတင်မိပါတယ်။ ဒီလိုဆောင်ရွက်ပေးတာက ကျွန်တော်နဲ့ကျွန်တော်တို့မိသားစုအတွက် အချိန်မီပုံမှန်စိုက်ပျိုးနိုင်အောင် အကူအညီပေးရာလည်းရောက်ပါတယ်။ ပြီးတော့ ရေနံဖိတ်ထားတဲ့နားက သီးနှံနဲ့မြေလည်း ပျက်စီးဆုံးရှုံးမှုကို ကာကွယ်နိုင်ခဲ့ပါတယ်။ ရေနံပိုက်လိုင်းတွေ အလွယ်တကူပြုတ်မထွက်အောင် ဝက်အူနဲ့ကျပ်ပိတ်တာမျိုး၊ အပေါက်တွေရှိရင် ကွန်ကရစ်နဲ့လောင်းပိတ်တာမျိုးလုပ်ရင် ပိုကောင်းမလားလို့ အကြံပြုချင်ပါတယ်။ "



**ဦးအေးမင်း**
မန်းကျိုးကျေးရွာ




**ပုံ(၂) – လက်ခံရရှိပြီးနောက် ဆွေးနွေးဖြေရှင်းပြီး အကြံပြုချက်များ (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ – ၂၀၂၃ ခုနှစ်၊ မတ်လ)**




**ပုံ(၃) – သုံးလပတ်အတွင်း လက်ခံရရှိပြီး ပိတ်သိမ်းခဲ့သော အကြံပြုချက်များ (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ – ၂၀၂၃ ခုနှစ်၊ မတ်လ)**

" ကျွန်တော်က ရွာရဲ့အုပ်ချုပ်ရေးမှူးဖြစ်ပြီး စေတနာ့ဝန်ထမ်းလည်း ဖြစ်ပါတယ်။ ကျွန်တော်က MPRL E&P ရဲ့ OGM လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး သေချာသိပါတယ်။ နောက်ပြီး လုပ်ငန်းစဉ်နဲ့ ပတ်သက်တဲ့ အသိပညာပေးပွဲတွေမှာလည်း အတွေ့အကြုံအများကြီးရှိပါတယ်။ ဥပမာ မန်းရေနံမြေထဲမှာ ရေနံယိုဖိတ်တာရှိတယ်ဆိုရင် ဒါကိုပိတ်ဖို့ သက်ဆိုင်ရာကို ချက်ချင်းအကြောင်းကြားတာ၊ မြေပေါ်မှာရှိနေတဲ့ ရေနံစွန်းထင်းမြေတွေကို ချက်ချင်းဖယ်ရှားရှင်းလင်းပေးတာတွေ အမြန်ဆုံးလုပ်နိုင်အောင် ဖြစ်ပါတယ်။ ကျွန်တော့်ယာထဲမှာကို ပိုက်လိုင်းနှစ်လိုင်း ဖြတ်သွယ်ထားတာရှိပြီး ထွန်ယက်ဖို့အခက်အခဲရှိလာ ချိန်မှာ CSR လုပ်ငန်းအဖွဲ့တွေကို OGM လုပ်ငန်းစဉ်ကနေပြီး ဆက်သွယ်တင်ပြပါတယ်။ ကုမ္ပဏီကလည်း လက်ရှိအသုံးပြုတာမဟုတ်တဲ့ ပိုက်လိုင်းကို ချက်ချင်းဖယ်ရှားပေးပါတယ်။ အချိန်ခဏလေးအတွင်းမှာ ဒီလုပ်ငန်းစဉ်ကို CSR ညှိနှိုင်းရေးမှူးနဲ့ ရေနံမြေစီမံခန့်ခွဲရေးအဖွဲ့တွေက လုပ်ပေးခဲ့တာပါ။ ပိုက်လိုင်းနှစ်လိုင်းမှာ လက်ရှိသုံးနေတဲ့ လိုင်းတစ်လိုင်းဖြစ်တာကိုရှင်းပြပြီး အသုံးမပြုတဲ့ပိုက်လိုင်းကို ဖယ်ရှားမလားဆိုတာမေးပြီး သေချာလုပ်ပေးတာပါ။ အခုလို ချက်ချင်းဆောင်ရွက်ပေးတာက ကျွန်တော့်ယာခင်းအတွက် တကယ်အကူအညီဖြစ်ပါတယ်။ "



**ဦးကျော်မင်း**
မန်ကျီးချောင်းကျေးရွာ




## ၁၀။ လက်ရှိတွေ့ကြုံရသော စိန်ခေါ်မှုများ

မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီကဲ့သို့ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူ (Stakeholders) များ ထပ်မံလိုအပ်ပါသည်။

" ကျွန်တော်တို့ရွာကတောင်သူတွေ အကြံပြုတင်ပြလို့ရတဲ့ ကိစ္စတွေရှိလာရင် ပြောပြလမ်းညွှန်ပေးပြီး တောင်သူတွေတင်ပြလာတဲ့ အကြောင်းအရာတွေကို အုပ်ချုပ်ရေးမှူးတစ်ယောက်အနေနဲ့ သိရှိကြောင်း၊ မှန်ကန်ကြောင်း လက်မှတ်ထိုးပေးရပါတယ်။ တင်ပြထားတဲ့အကြောင်းအရာက ဖြေရှင်းပေးဖို့ အခက်အခဲရှိနေရင်လည်း CSR လုပ်ငန်းအဖွဲ့နဲ့အတူ နားလည်အောင်ရှင်းပြပေးပါတယ်။ ဒီလို OGM စနစ်ရှိတာကြောင့် ရေနံပိုက်လိုင်းနဲ့ ရေပိုက်လိုင်း ပေါက်တာဖြစ်ဖြစ်၊ လျှပ်စစ်အန္တရာယ်ရှိတဲ့ ကိစ္စတွေမှာပဲဖြစ်ဖြစ် နစ်နာမှု ဆုံးရှုံးမှုနည်းပါးပြီး အကျိုးဖြစ်ထွန်းမှု အများကြီးရှိပါတယ်။ "



**ဦးထွန်းလှအောင်**
ကျေးရွာအုပ်ချုပ်ရေးမှူး
မန်းကျိုးကျေးရွာ




ပုံ(၄) – လက်ခံရရှိသောအကြံပြုစာအမျိုးအစားနှင့်အရေအတွက်
(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ – ၂၀၂၃ ခုနှစ်၊ မတ်လ)






**ဦးသူရဝင်း**
Senior Engineer
Field Operations Department

“ OGM လုပ်ငန်းစဉ်မှာ မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့အနေနဲ့ ရေနံမြေ CSR အဖွဲ့ကနေ အကြံပြုစာတက်လာပြီဆိုတာနဲ့ ဖြေရှင်းပေးဖို့ တာဝန်ရှိပါတယ်။ ဖြေရှင်းရမယ့်ကိစ္စ ဖြစ်လာပြီဆိုရင် အရင်ဆုံးဖြစ်တဲ့နေရာကို CSR လုပ်ငန်းအဖွဲ့ဝင်တွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့သွားကြည့်ပြီး ဘယ်လိုဖြေရှင်းဆောင်ရွက်နိုင်မယ်ဆိုတာ လေ့လာပါတယ်။ ဖြေရှင်းဆောင်ရွက်ဖို့လွယ်တဲ့အလုပ်ဆိုရင် ဘယ်လိုဘယ်အချိန်လာလုပ်ပေးမယ်ဆိုတာ ကျွန်တော့်တို့က သေချာရှင်းပြပါတယ်။ ချက်ချင်းလုပ်ပေးလို့မရတဲ့ ကိစ္စဆိုရင်လည်း ဘာကြောင့်လုပ်မရလဲဆိုတာကို သေချာရှင်းပြပေးပါတယ်။ ဒေသခံတွေဆီကတော့ ဒီလိုဖြေရှင်းဆောင်ရွက်မှုတွေအပေါ် ကောင်းမွန်တဲ့တုံ့ပြန်မှုတွေပဲ ကြားရပါတယ်။ အကြံပြုဆွေးနွေးတဲ့လုပ်ငန်းစဉ်က တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းလုပ်ဆောင်နေတဲ့ ဘယ်အဖွဲ့အစည်းအတွက်မဆို အရေးပါပြီး ဒေသခံတွေနဲ့ကုမ္ပဏီကြားမှာ ကောင်းမွန်တဲ့ဆက်ဆံရေးကို တိုးတက်ဖြစ်ထွန်းစေပါတယ်။ နောက်ပြီး ထိခိုက်မှုရှိတဲ့ ဒေသခံတွေကို ကုစားပေးဖို့နဲ့ တင်ပြလာတဲ့ကိစ္စတွေကိုဖြေရှင်းပေးရာမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ဆောင်ရွက်နိုင်တဲ့အတွက် အထိရောက်ဆုံးနည်းလမ်းလည်း ဖြစ်ပါတယ်။ ”

“ ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်ရွက်မှုကြောင့် ရေနံပိုက်လိုင်းပေါက်တာ၊ လျှပ်စစ်ဝါယာကြိုးတွေ ဟောင်းနွမ်းပျက်စီးတာ စတဲ့ကိစ္စတွေရှိလာရင် ကျေးရွာလူထုက အကြံပြုစာတင်ပြနိုင်ဖို့ လိုအပ်တဲ့ စာရွက်စာတမ်းအကူအညီတွေနဲ့ CSR လုပ်ငန်းအဖွဲ့ဆီကို အကြောင်းကြားပေးတာတွေ ကူညီလုပ်ဆောင်ပေးရပါတယ်။ စေတနာ့ဝန်ထမ်းတစ်ဦးအနေနဲ့လည်း အကြံပြုဆွေးနွေးခြင်း ကဏ္ဍမြှင့်တင်ရေးလှုပ်ရှားမှုတွေမှာပါ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုပါဝင်ဆောင်ရွက်ခြင်းက ကျေးရွာလူထုနဲ့ ပိုပြီးရင်းနှီးတဲ့အပြင် သူတို့ရဲ့အားကိုးမှုလည်း ရပါတယ်။ အကြံပြုစာတင်ပြနိုင်တဲ့ အစီအစဉ်က ကျေးရွာလူထုနဲ့ တောင်သူတွေအတွက် အကျိုးရှိတာမို့ ဒီ OGM အစီအစဉ်ကို ရေရှည်ဆက်လက်လုပ်ဆောင်စေချင်ပါတယ်။ ”



**မကြည်ကြည်မြိုင်**
ကျေးရွာစေတနာ့ဝန်ထမ်း
ကြာကန်ကျေးရွာ




## ၁၁။ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

MPRL E&P သည် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (၅) ကြိမ်မြောက် အကြံပြုဆွေးနွေးခြင်းကဏ္ဍ မြှင့်တင်ရေးအစီအစဉ်ကို ပြုလုပ်ရန်လျာထားသည့်အတိုင်း အဆိုပါအစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ မတ်လ တတိယပတ်အတွင်း မန်းရေနံမြေတွင် အပိုင်း လေးပိုင်းခွဲ၍ နှစ်ရက်တာ ကျင်းပပြုလုပ်ခဲ့သည်။ အစီအစဉ်တွင် CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ သတင်းအချက်အလက်နှင့် ဂိမ်းကစားနည်းများပါဝင်သည့် ပြခန်းငယ် (၆) ခုနှင့် ကာတွန်းပြခန်းတို့ပါ လူဦးရေအကန့်အသတ်ဖြင့် ယှဉ်တွဲပြသခဲ့သည်။

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ သိရှိနားလည်မှုကို ပိုမိုအားကောင်းစေရန်နှင့် လုပ်ငန်းစဉ်တွင် ပါဝင်ကြသည့် သက်ဆိုင်ရာ ပုဂ္ဂိုလ်အဖွဲ့အစည်းများအကြား ကောင်းမွန်သည့် ဆက်ဆံရေးပိုမိုဖြစ်ထွန်း စေမည့် ယုံကြည်မှုတည်ဆောက်နိုင်ရန် ရည်ရွယ်၍ အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးလှုပ်ရှားမှုကို ပြုလုပ်ခဲ့ပြီး မန်းရေနံမြေ ဒေသခံ (၇၈၈) ဦးက အစီအစဉ်တွင် ပူးပေါင်းပါဝင်ခဲ့သည်။ ဒေသခံများ၏ သိရှိနားလည်မှုဆိုင်ရာ အပြောင်းအလဲများကို စောင့်ကြည့်လေ့လာခြင်းဖြင့် အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့် တင်ရေးလုပ်ငန်းအစီအစဉ်၏ ထိရောက်မှုကို ဆက်လက်တိုင်းတာသွားမည် ဖြစ်သည်။

## MPRL E&P Pte Ltd.

**Vantage Tower -** အမှတ် (၆၂၃)၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ် (၀၀၁၄၁)၊ ရန်ကုန်။
ဖုန်း - ၀၁ ၂၃၀ ၇၇၃၃၊ ဖက်စ် - ၉၅ ၁ ၂၃၀ ၇၇၄၄
အီးမေးလ် - mprlstaff@mprlexp.com

www.mprlexp.com
myanmar_mprlexp
mprlep
mprlep